# နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆၄ ။)

၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်

(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) **နိုင်ငံခြားငွေ** ဆိုရာတွင် မြန်မာကျပ်ငွေဖြင့် တန်ဖိုးသင့်ထားခြင်း မဟုတ်သော စာတိုက် ငွေလွှဲလွှာများ၊ ချက်လက်မှတ်များ၊ ငွေလွှဲလက်မှတ်များ၊ ခရီးသွား ချက်လက်မှတ်များ၊ ငွေလွှဲစာတမ်းများ၊ ငွေပေးအမိန့်လက်မှတ်များ၊ ငွေပေးကတိ စာချုပ်များနှင့်ငွေသား ဒင်္ဂါးများ၊ ငွေစက္ကူများ ပါဝင်သည်။"

(ခ) ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၁) တွင် ပါရှိသော "နိုင်ငံခြားငွေ ငွေသား" ဆိုသည့် စကားရပ်ကို "နိုင်ငံခြားငွေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) ကို ပယ်ဖျက်ရမည်။

(ဃ) ပုဒ်မခွဲ (ဂ) ၏ နောက်တွင် ပုဒ်မခွဲ (ဂ-၁) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဂ-၁) **ရွှေ** ဆိုသည်မှာ နိုင်ငံပိုင် နိုင်ငံခြားသုံး သီးသန့်ငွေရှိ ရွှေချောင်း၊ ရွှေတုံးနှင့် ရွှေဒင်္ဂါးများ၊ အပြည်ပြည်ဆိုင်ရာ အပေးအယူပြုလုပ်မှု၌ သတ်မှတ် အသုံးပြုသည့် စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများနှင့် ပြည်တွင်း၌ နေထိုင်သူများ၏ ပြည်ပရှိဘဏ်များတွင် အပ်နှံထားသည့် ရွှေများကိုဆိုသည်။"

၃။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၇။ နိုင်ငံတော်နှင့် ပြည်ပနိုင်ငံများအကြား ငွေသားဖြင့် လက်ရောက်လွှဲပြောင်းမှု၊ ပေးချေမှုနှင့် အခြားပေးချေမှုများအပါအဝင် ကျပ်ငွေဖြင့် နိုင်ငံတကာပေးချေမှုများနှင့် လွှဲပြောင်းမှုများအား ဗဟိုဘဏ်၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။"

၄။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ခ) တွင် ပါရှိသည့် "တရားမဝင်သော နည်းလမ်းဖြင့်ရရှိသော ငွေကြေးနှင့်ပစ္စည်းများထိန်းချုပ်ရေးဥပဒေ" ဆိုသည့်စကားရပ်ကို "ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၁၈ ၏နောက်တွင် ပုဒ်မ ၁၈-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၁၈-က။ နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူသည်-

(က) ယင်းဆောင်ရွက်ပေးသည့် ပြည်တွင်း၌ နေထိုင်သူ၏ နိုင်ငံခြားသုံးငွေဖြင့် ပို့ကုန်ရငွေကို သတ်မှတ်ကာလအတွင်း ယင်း၏ဘဏ်ငွေစာရင်းသို့ မှန်ကန်စွာ ဝင်ရောက်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ စိစစ်ရာတွင် ပြည်တွင်း၌နေထိုင်သူ၏ ဘဏ်စာရင်းသို့ သတ်မှတ်ကာလအတွင်း ယင်း၏ ပို့ကုန်ရငွေဝင်ရောက်ခြင်း မရှိကြောင်း တွေ့ရှိပါက သုံးသပ်ချက်နှင့်အတူ ဗဟိုဘဏ်သို့ ဆောလျင်စွာ အစီရင်ခံတင်ပြရမည်။"

၆။ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ အခန်း (၇) ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"အခန်း (၇)**

**ရွှေ၊ နိုင်ငံခြားသုံးငွေ၊ လက်ဝတ်ရတနာ ပြည်တွင်းပြည်ပသို့ ယူဆောင်ခြင်း**

၂၃။ ပြည်တွင်း၌နေထိုင်သူနှင့် ပြည်ပ၌နေထိုင်သူများသည် ရွှေ၊ နိုင်ငံခြားသုံးငွေ၊ လက်ဝတ်ရတနာကို ပြည်တွင်းမှပြည်ပသို့ ယူဆောင်သွားခြင်း၊ ပြည်ပမှ ပြည်တွင်းသို့ ယူဆောင်လာခြင်းတို့နှင့်စပ်လျဉ်း၍ ဗဟိုဘဏ်က အခါအားလျော်စွာ ထုတ်ပြန်သည့် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။"

၇။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၂၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၉။ ပြည်တွင်း၌ နေထိုင်သူသည်-

(က) ပြည်ပနိုင်ငံတစ်ခုခုတွင် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက် ရင်းနှီးမြှုပ်နှံလိုပါက ဗဟိုဘဏ်၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ရင်းနှီးမြှုပ်နှံမှုမှရရှိသော အမြတ်ခွဲဝေမှုများနှင့် ပြန်လည်ထုတ်ယူနိုင်သော မတည်ငွေရင်းများကို နိုင်ငံခြားငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူမှတစ်ဆင့် ပြည်တွင်းသို့ ပြန်လည်လွှဲပြောင်းပေးပို့ရမည်။"

၈။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၂၉ ၏နောက်တွင် ပုဒ်မ ၂၉-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၂၉-က။ ပြည်တွင်း၌ နေထိုင်သူသည် ပြည်ပမှ ချေးငွေရယူရာ၌ ငွေသားဖြင့် ဖြစ်စေ၊ ပစ္စည်းဖြင့်ဖြစ်စေ ချေးယူခြင်းတို့ကို ဗဟိုဘဏ်၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။"

၉။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၃၄ တွင် ပါရှိသော "နိုင်ငံခြားသုံးငွေလုပ်ငန်းလိုင်စင်" ဆိုသည့်စကားရပ်ကို "နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၃၄၊ ပုဒ်မခွဲ (င) ၌ ပါရှိသော "ငွေကြေးခဝါချမှု" ဆိုသည့် စကားရပ်၏ နောက်၌ "အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၁၁။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၃၈ ၏နောက်တွင် ပုဒ်မ ၃၈-က၊ ပုဒ်မ ၃၈-ခ၊ ပုဒ်မ ၃၈-ဂ နှင့် ပုဒ်မ ၃၈-ဃ တို့အဖြစ် အောက်ပါအတိုင်း အသီးသီးဖြည့်စွက်ရမည်-

"၃၈-က။ မည်သူမျှ ရွှေ၊ နိုင်ငံခြားသုံးငွေ၊ လက်ဝတ်ရတနာကို သတ်မှတ်ချက်များနှင့်အညီမဟုတ်ဘဲ နိုင်ငံတော်အတွင်းသို့ ယူဆောင်လာခြင်း သို့မဟုတ် ပြည်ပသို့ ယူဆောင်သွားခြင်းမပြုရ။

၃၈-ခ။ မည်သူမျှ ပို့ကုန်ရငွေအားလုံးကို သတ်မှတ်ကာလအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် ထည့်သွင်းရန် ပျက်ကွက်ခြင်း မရှိစေရ။

၃၈-ဂ။ မည်သူမျှ ပြည်ပနိုင်ငံတစ်ခုတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရင်းနှီးမြှုပ်နှံမှုအတွက် ငွေလုံးငွေရင်းလွှဲပြောင်းမှုများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန် ပျက်ကွက်ခြင်းမရှိစေရ။

၃၈-ဃ။ မည်သူမျှ သတ်မှတ်ချက်နှင့်အညီမဟုတ်ဘဲ ပြည်ပမှငွေ သို့မဟုတ် ပစ္စည်းကို ချေးယူခြင်းနှင့် ပြည်ပမှချေးငွေရယူရန်အလို့ငှာ ငွေချေးသက်သေခံ လက်မှတ်များ ထုတ်ဝေခြင်းမပြုရ။"

၁၂။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၄၀ တွင် ပါရှိသော "ဤဥပဒေပါ ပုဒ်မ ၂၀ အရ" ဆိုသည့်စကားရပ်ကို "ဤဥပဒေပါ ပုဒ်မ ၃၃ အရ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၃။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၄၂ တွင် ပါရှိသော "ပုဒ်မ ၃၈ ပါ တားမြစ်ချက်ကို" ဆိုသည့် စကားရပ်ကို "ပုဒ်မ ၃၈နှင့် ပုဒ်မ ၃၈-က တို့ပါ တားမြစ်ချက်များကို " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၄။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၄၂ ၏နောက်တွင် ပုဒ်မ ၄၂-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၄၂-က။ မည်သူမဆို ပုဒ်မ ၃၈-ခ၊ ပုဒ်မ ၃၈-ဂ နှင့် ပုဒ်မ ၃၈-ဃ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက် မပိုသည့် ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်